# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
# မြန်မာနိုင်ငံ

စာစဉ် ၄ | ၁-၃၀ ဧပြီ ၂၀၁၅

OCHA



ရခိုင်ပြည်နယ် အနောက်ရွှဲစခန်းရှိ နေထိုင်ရာနေရာ၏ နံရံပေါက်မှ အပြင်သို့ ကြည့်နေသည့် ကလေးနှစ်ဦး၊ မတ် ၂၀၁၅၊ ဓာတ်ပုံ OCHA

## ဤစာစဉ်တွင်

နေရပ်စွန့်ခွာတိမ်းရှောင်သူများ ကိုးကန့်သို့ စတင်ပြန်လည်ဝင်ရောက် စာ-၁
ကချင်နှင့် ရှမ်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ စာ-၂
မိတ္ထီလာရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ အိမ်အသစ်များရရှိ စာ-၃
ရခိုင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် လူပေါင်းရာနှင့်ချီ၍ နေရပ်စွန့်ခွာ စာ-၅
သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း စာ-၆

## အဓိက အချက်များ

- ကိုးကန့်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အနည်းငယ်၊ လောက်ကိုင်သို့ ပြန်လည်ဝင်ရောက်
- ကချင်နှင့် ရှမ်းမြောက်ရှိ ယာယီ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ
- မိတ္ထီလာတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ အိမ်ထောင်စု၃၀၀ကျော် လုံးချင်းအိမ်အသစ်များသို့ ပြောင်းရွှေ့
- ရခိုင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် လူပေါင်း ရာနှင့်ချီ၍ နေရပ်စွန့်ခွာ ရွှေ့ပြောင်း
- ဘေးအန္တရာယ် ကြိုတင် ပြင်ဆင်မှု လုပ်ငန်းများ အားကောင်းစေရေး အစိုးရနှင့် ပူပေါင်းဆောင်ရွက်

## အဓိက ကိန်းဂဏန်းများ

ရခိုင်တွင် နေရပ်စွန့်ခွာ ၁၃၉,၀၀၀ တိမ်းရှောင်သူများ

---

ကချင်နှင့် ရှမ်းမြောက်တွင် ၁၀၀,၀၀၀ ဆက်လက်နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများ

---

## ရန်ပုံငွေ

၁၉၀ သန်း (အမေရိကန်ဒေါ်လာ)
၂၀၁၅ ခုနှစ်တွင် လူသားချင်း စာနာမှု အကူအညီ များပေးရန် အတွက် တောင်းခံထား

ရန်ပုံငွေ ၁၆% ရရှိ
(အမေရိကန်ဒေါ်လာ ၂၉.၅ သန်း)

၅၃.၉ သန်း (အမေရိကန်ဒေါ်လာ)
မြန်မာနိုင်ငံအတွက် လူသားချင်း စာနာမှုအကူအညီများပေးရန် ရရှိထားသော ရန်ပုံငွေ စုစုပေါင်း (လူသားချင်းစာနာမှုဆိုင်ရာတုန့်ပြန်ဆောင်ရွက်ရေး စီမံကိန်းတွင်မပါဝင်သော လုပ်ငန်းများအတွက်ပါ အကျုံးဝင်သည်)

## နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပထမဆုံးအနေဖြင့် ကိုးကန့်သို့ ပြန်လည်ဝင်ရောက်

### နေရပ်ပြန်လာသူများအား အစိုးရမှ အထောက်အပံ့များပေးအပ်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားလျက် ရှိသော်လည်း၊ ဧပြီလအတွင်းတွင် လောက်ကိုင်မြို့ အပါအဝင် အချို့နေရာများ၌ ပဋိပက္ခဖြစ်ပွားမှု လျော့နည်းလာသည်ဟုသိရသည်။လားရှိုးရှိကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဌာန၏ ပြောကြားချက်အရ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သူ ၅၀,၀၀၀ အထိ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ နေရပ်ပြန်လာသူများထဲတွင် ဖေဖော်ဝါရီလ ပဋိပက္ခများစတင်ချိန်မှစပြီး လားရှိုးမြို့ရှိ မန်ဆူဘုန်းတော်ကြီးကျောင်းနှင့် ဆွေမျိုးမိသားစုများ နှင့်အတူ နေထိုင်ခဲ့သော လူပေါင်း ၂၅၀ လည်းပါဝင်သည်။ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာ ချထားရေး ဌာန၏ ပြောကြားချက်အရ တရုတ်-မြန်မာနယ်စပ်၊ မြန်မာနိုင်ငံဘက် နယ်ခြားမှတ်တိုင် အမှတ် ၁၂၅ တွင် နေထိုင်ခဲ့သည့် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၃,၀၀၀ ကျော်မှာလည်း လောက်ကိုင်သို့ ပြန်လည် ဝင်ရောက်ခဲ့သလို၊ တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက် သွားကြ သူများလည်း ရှိသည်ဟု သိရသည်။ တရုတ်နိုင်ငံပိုင် အစိုးရ မီဒီယာ၏ ပြောကြားချက် အရ၊ ဖေဖော်ဝါရီလတွင် ပဋိပက္ခ စတင်ခဲ့ပြီးနောက် ကိုးကန့် ဒေသ မှ တရုတ်နိုင်ငံတွင်းသို့ လူပေါင်း ၆၀,၀၀၀ခန့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ကြောင်းသိရသည်။ ဒေသတွင်းရှိ လုံခြုံရေးအခြေအနေ တည်ငြိမ် လာချိန်တွင် လောက်ကိုင် မြို့နယ်တွင် လူပေါင်း ၆၀,၀၀၀ခန့်မှာ နေထိုင်ရာနေရာ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး အပါအဝင်၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ အထောက်အပံ့များ လိုအပ်လိမ့် မည်ဟု အစိုးရအနေဖြင့် ခန့်မှန်းထားသည်။



လောက်ကိုင်မြို့ အလယ်တန်းကျောင်းဝင်းအတွင်း နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာပြီး ပြန်လည်ဝင်ရောက် လာသူများ၊ ဧပြီ ၂၀၁၅၊ ဓာတ်ပုံ မြန်မာနိုင်ငံကြက်ခြေနီအသင်း။

လောက်ကိုင်သို့ နေရပ်ပြန်လာသူများကို ၎င်းတို့၏ အိမ်များသို့ မပြန်မီ သို့မဟုတ် ပဋိပက္ခ အတွင်း ၎င်းတို့အိမ် ပျက်စီးခဲ့၍ အခြားသောနေရာများသို့ မသွားရောက်နိုင်မီတွင် အခြေခံ ပညာ အလယ်တန်း ကျောင်းဝင်းအတွင်း၌ ယာယီနေရာချထားပေးသည်။ ဧပြီလ ၂၆ရက်မှ ၂၈ ရက်နေ့ အတွင်းတွင် လောက်ကိုင်မြို့သို့ သွားရောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏ ပြောကြားချက် အရ လူပေါင်း ၁၃၀ ခန့်မှာ ကျောင်းဝင်းအတွင်းတွင် ယာယီတဲ များဖြင့် နေထိုင် လျက်ရှိသည်။

အစိုးရအနေဖြင့် ဆန်၊ ပဲအမျိုးမျိုးနှင့် နေရပ်ပြန်လာသူအချို့အတွက် ယာယီတဲများကိုလည်း ပံ့ပိုးပေးခဲ့သည်။ နေရပ်ပြန်လာသူများသည် မီးဖိုချောင်သုံးပစ္စည်းများ၊ စောင်များ၊ ခြင်ထောင် များ၊ တကိုယ်ရေသန့်ရှင်းရေးအသုံးအဆောင်များနှင့် မိုးကာဖျင်များလိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပြောကြားသည်။ လောက်ကိုင်မြို့နယ် ကျောင်းဝင်းအတွင်း တွင် နေထိုင်သူများအတွက် ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေမှာ ချို့တဲ့လျက်ရှိသဖြင့် စိုးရိမ်ဖွယ်ကောင်းသည့်အခြေအနေဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တွေ့ရှိ ခဲ့သည်။ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးအခြေအနေ တည်ငြိမ်လာချိန်သည်နှင့် တပြိုင်နက် အထောက်အပံ့များ ဆက်လက် ပေးအပ်သွားရန် အသင့်ရှိနေပြီး၊ လိုအပ်ချက်စစ်တမ်းကောက်ယူခြင်းကိုလည်း ဆောင်ရွက် သွားရန်ရှိသည်။

## တိုက်ပွဲများကြောင့် ကချင်နှင့် ရှမ်းမြောက်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ဆက်လက် ဖြစ်ပေါ်

### ၂၀၁၅ နှစ်ဆန်းပိုင်းမှစတင်၍ လူပေါင်း ၂၀,၀၀၀ ပဋိပက္ခများကြောင့် စွန့်ခွာရွှေ့ပြောင်း

နှစ်ဆန်းပိုင်းမှ စတင်၍ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ပဋိပက္ခများကြောင့် လူပေါင်း၂၀,၀၀၀ ကျော် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့သည်။ ၎င်းတို့ အနက်မှ အများစုမှာ ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသမှဖြစ်ကြပြီး၊ ၎င်းတို့ထဲ တွင် အများစုသည် မြန်မာနိုင်ငံ၏ အခြား နေရာများရှိ ၎င်းတို့၏ နေရင်း ဒေသသို့ ပြန်သွားကြသော ရွှေ့ပြောင်း လုပ်သား ၁၃,၀၀၀ ကျော် ပါဝင်သည်။ ကချင်ပြည် နယ်တွင် ဖားကန့်၊ ပူတာအို၊ မန်စီမြို့နယ် များနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်း မြို့နယ်များ အပါအဝင် အခြားနေရာများ၌ လည်း တိုက်ပွဲများနှင့် လုံခြုံရေးအခြေ




*ကချင်ပြည်နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ ကျား၊မနှင့်အသက် အလိုက် ခွဲခြား ဖော်ပြသောအချက်အလက် များမှာ ၆၀ % ခန့်အတွက်သာ ရရှိသည်။*

*ရခိုင်ပြည်နယ်နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ*

အသက် ၁၈နှစ်အထက် အမျိုးသမီးများ ၁၃,၀၀၀
အသက် ၁၈နှစ်အထက် အမျိုးသားများ ၁၁,၀၀၀
အသက် ၆၀ နှစ်အထက် အမျိုးသမီးများ၁,၅၀၀
အသက် ၆၀နှစ်အထက် အမျိုးသားများ ၁,၂၀၀
အသက် ၁၈ နှစ်အောက် မိန်းကလေးများ၂၄,၃၀၀
အသက်၁၈နှစ်အောက်ယောကျာ်းလေးများ၂၆,၄၀၀

---

*ကချင်ပြည်နယ်နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ*

အသက် ၁၈နှစ်အထက် အမျိုးသမီးများ ၁၈,၆၀၀
အသက် ၁၈နှစ်အထက် အမျိုးသားများ ၁၅,၇၀၀
အသက် ၆၀ နှစ်အထက် အမျိုးသမီးများ၂,၉၀၀
အသက် ၆၀နှစ်အထက် အမျိုးသားများ ၂,၀၀၀
အသက် ၁၈ နှစ်အောက် မိန်းကလေးများ ၁၉,၂၀၀
အသက်၁၈နှစ်အောက်ယောကျာ်းလေးများ၁၉,၃၀၀

အနေများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်မှုများဖြစ်ပေါ်ခဲ့သည်။ လတ်တလော ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သူ အများစုမှာ ၄င်းတို့၏ ရပ်ရွာ များသို့ ပြန်သွားနိုင်ခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း ပဋိပက္ခဖြစ်ပွားမှုနှင့် လုံခြုံရေး အခြေအနေ မတည်ငြိမ်မှုများဖြစ်ပေါ်သည်မှာ သုံးနှစ်ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သဖြင့် ရပ်ရွာလူထု အများစုမှာ ရပ်တည်နိုင်ရန်အတွက် ခက်ခဲလာသည်။ ဧပြီလကုန်အထိ ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်သူ လူပေါင်း ၃,၅၀၀ ကျော်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စခန်းများတွင် နေထိုင်နေရဆဲဖြစ်သည်။

## ဧပြီလအတွင်းတွင် လူပေါင်း ၇၀၀ ကျော် ယာယီ နေရပ်စွန့်ခွာတိမ်းရှောင်

*ဧပြီလကုန်အထိ ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်သူ လူပေါင်း ၃,၅၀၀ ကျော်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စခန်းများတွင် နေထိုင်ရဆဲ*

ဧပြီလအတွင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းကိုးမြို့နယ်ခွဲအတွင်းရှိ ဖောင်းဆိုင်ရွာတွင် မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကချင်နှစ်ခြင်းအသင်းချုပ် (KBC) ၏ ပြောကြားချက်အရ လူပေါင်း ၄၇၀ ကျော် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည်။ လူပေါင်း ၃၀၀ ခန့်မှာ ဧပြီလကုန်တွင် ၄င်းတို့၏နေရပ်သို့ မပြန်မီ တရုတ် နယ်စပ်အနီးရှိ ကောင်းလုံရွာတွင် ယာယီနေထိုင်ခဲ့ရသည်။ အခြား အိမ်ထောင်စု ၃၀ ခန့်မှာ လည်း တရုတ်နိုင်ငံအတွင်းရှိ ပန်ဝါရွာတွင် နေထိုင်လျက်ရှိသည်။ KBC အနေဖြင့် နေရာ နှစ်ခုလုံးရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ငွေကြေးထောက်ပံ့ပေးပြီး၊ မေတ္တာ လူမှုရေး အဖွဲ့အနေဖြင့် အစားအစာများပံ့ပိုးပေးခဲ့သည်။

ဧပြီလ ၁၈ရက်နေ့မှ ၂၂ ရက်နေ့အတွင်းတွင် ဖားကန့်မြို့နယ်မြောက်ပိုင်း၊ တနိုင်းမြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဒေသတွင်း အဖွဲ့အစည်းများ၏ ပြောကြားချက်အရ တိုက်ပွဲများကြောင့် ထိုဒေသရှိ ရွာနှစ်ရွာမှ လူပေါင်း ၂၇၀ ခန့် ယာယီနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး၊ လကုန်ပိုင်းတွင် ၄င်းတို့၏ နေအိမ်များသို့ မပြန်နိုင်မီ ဘုရားကျောင်းဝင်းနှစ်ခုတွင် နေထိုင်ခဲ့ရသည်။ ဒေသတွင်းရှိအစိုးရမဟုတ်သော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပြောကြားချက်အရ အဆိုပါ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ဒေသတွင်းအာဏာပိုင်များမှ ငွေကြေး၊ အစားအစာ၊ အိမ်သာများစသည့် အထောက်အပံ့များ ပံ့ပိုးပေးခဲ့သည်။

.

## မိတ္ထီလာရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ နေအိမ်သစ်များတွင် ပြန်လည် အခြေချနေထိုင်

### ကျန်ရှိနေသေးသော နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အစိုးရမှ အိမ်အလုံး ၃၈၀ ဆောက်လုပ်ပေး

မိတ္ထီလာတွင် လူမှုအသိုက်အဝန်းအကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ၂ နှစ်ကျော်ကြာပြီးနောက် ကျန်ရှိနေသေးသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ၃,၃၀၀ ကျော်မှာ ယခုအခါ ပြန်လည်အခြေချနေထိုင်နိုင်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရထံမှ ရရှိသည့် ရန်ပုံငွေဖြင့် မိသားစုပေါင်း ၃၈၀ အတွက် လုံးချင်းအိမ် အသစ်များကို ဆောက်လုပ် ပြီးစီးခဲ့ပြီး၊

**သတင်းအချက်အလက်အသစ်များ**

လူသားချင်းစာနာမှုဆိုင်ရာ
အခြေအနေများ (ဧပြီ ၃၀)
3W ကချင်ပြည်နယ်
3W ရခိုင်ပြည်နယ်
3W ရှမ်းပြည်နယ်မြောက်ပိုင်း
(စာရွက်စာတမ်းများကို ရယူရန်အတွက် နှိပ်ပါ)




နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် မိတ္ထီလာမြို့နယ်၊ ချမ်းအေးရပ်ကွက်အတွင်းရှိ လုံးချင်းအိမ်အသစ်များ ။ မေ ၂၀၁၅၊ ဓာတ်ပုံ OCHA ။

ဧပြီလအတွင်းတွင် မိသားစု ၃၀၀ ကျော်မှာ အိမ်အသစ်များသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။

## မိသားစုအချို့မှာ စခန်းများတွင် ဆက်လက်နေထိုင်ဆဲ

အိမ်ထောင်စု ၁၇၀ ခန့် ဆက်လက်နေထိုင်လျက်ရှိသော နေရာတစ်ခုမှအပ မိတ္ထီလာရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း အားလုံးကို ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။ ၎င်းမိသားစုများအနက်မှ မိသားစု ၇၀ ကျော်မှာ မကြာမီတွင် အိမ်အသစ်များသို့ ပြောင်းရွှေ့နိုင်မည်ဖြစ်သည်။ ကျန်ရှိသည့်အိမ်ထောင်စု ၁၀၀ခန့်အနက်မှ အချို့မှာ ၎င်းတို့ကိုယ်တိုင် ပြန်လည်အခြေချ နေထိုင်နိုင်သည့် နည်းလမ်းများ ရှိသည်ဟု ယူဆသဖြင့် အစိုးရထံမှ ပြန်လည်အခြေချနေထိုင်ခြင်း အတွက် အထောက်အပံ့များရရှိရန် အကျုံးမဝင်ဟု သတ်မှတ်သည်။ ၎င်းတို့အနက်မှ အချို့မှာ မူလပိုင်ဆိုင်သော မြေများကို ရောင်းပြီး၊ အခြားသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသည်။ အချို့သော လူအနည်းငယ်မှာ ပဋိပက္ခကြောင့် ထိခိုက်ခဲ့သည့် နေရာများမှ မဟုတ်ကြပါ။ Save the Children International အနေဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်စခန်းများ တွင် ဆက်လက်နေထိုင်ဆဲလူများကို ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။




အရင်းအမြစ် - မန္တလေးတိုင်းဒေသကြီး။
အိမ်ထောင်စု ၁၇၀ ပေါ်တွင် အခြေပြု ခန့်မှန်းတွက်ချက်သည်။

*မိတ္ထီလာတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ အိမ်ထောင်စု ၃၀၀ကျော်ဧပြီလအတွင်းတွင် လုံးချင်းအိမ်အသစ်များသို့ ပြောင်းရွှေ့နေထိုင်*

၂၀၁၃ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် လူပေါင်း ၁၂,၀၀၀ ကျော် ရှေးဦးစွာ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ထိုအဖြစ်အပျက်များဖြစ်ပွားပြီးရက်သတ္တပတ် အနည်းငယ်နှင့် လပိုင်းအတွင်းတွင် အချို့လူများမှာ ၎င်းတို့ မူလနေထိုင်ရာအိမ်များသို့ ပြန်နိုင်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ် အကုန်တွင် လူပေါင်း ၅,၄၀၀ မှာ မိတ္ထီလာမြို့နှင့် ယင်းတော်တွင် ဆက်လက် နေရပ်စွန့်ခွာ တိမ်းရှောင်နေခဲ့ရသည်။ တိုင်းဒေသကြီးအာဏာပိုင်များ၏ ပြောကြားချက်အရ၊ ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စု ၃၅၀မှာ အသစ်ဆောက်လုပ်ထားသော အိမ်များသို့ ပြောင်းရွှေ့နေထိုင်

ခဲ့သည်။ ၎င်းတို့အနက်မှ အချို့မှာ ၎င်းတို့ကိုယ်ပိုင် နည်းလမ်းများဖြင့် အိမ်အသစ်များကို ဆောက်လုပ်ခဲ့ခြင်း သို့မဟုတ် အခြားနေထိုင်ရာ နေရာများ ရှာဖွေခြင်းတို့ကို ပြုလုပ်ခဲ့သည်။

## ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် လူများရာနှင့်ချီ၍ နေရပ်စွန့်ခွာ တိမ်းရှောင်

### အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ထိခိုက်သူများအတွက် အထောက်အပံ့များပံ့ပိုး




ဧပြီလ ၁၇ရက်နေ့နှင့် ၁၈ ရက်နေ့တွင် ကျောက်တော်မြို့နယ်၌ မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ (မီဒီယာများ၏ ရေးသားချက်အရ ရခိုင့်တပ်မတော်)တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ပြည်နယ်အာဏာပိုင်များ၏ ပြောကြားချက်အရ တိုက်ပွဲများကြောင့် ရွာ ခြောက်ရွာမှ လူပေါင်း ၁,၆၀၀ နီးပါးခန့် ထိခိုက်ခဲ့ပြီး၊ လူပေါင်း ၄၀၀ ကျော်မှာ နေရပ်စွန့်ခွာ တိမ်းရှောင်၍ စပါးဆိပ် ကျေးရွာရှိ စာသင်ကျောင်းတွင် ခိုလှုံခဲ့သည်။ ဧပြီလအတွင်းတွင် ထိခိုက်မှုရှိသည့် နေရာများမှလည်းကောင်း၊ ထိုနေရာများသို့ လည်းကောင်း သွားလာခြင်းကို ကန့်သတ်ထားခဲ့သော်လည်း၊ ကန့်သတ်မှုကို နောက်ပိုင်းတွင် ရုတ်သိမ်းခဲ့သည်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင်လည်း တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု သိရပြီး၊ ဒေသတွင်းအာဏာပိုင်များ၏ ပြောကြားချက်အရ ရခိုင်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နေရာမှ လူပေါင်း ၃၅၀ ကျော်မှာ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သည်။

### ကုလသမဂ္ဂနှင့် နိုင်ငံတကာမှအစိုးရမဟုတ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ အထောက်အပံ့များ သွားရောက်ပေးအပ်

စပါးဆိပ်ရွာရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများကို အစိုးရမှ အစားအစာအထောက်အပံ့များ ဖြန့်ဝေပေးခဲ့ပြီး၊ ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှလည်း အစားအစာများနှင့် ခြင်ထောင်များကို ပံ့ပိုးပေးခဲ့သည်။ ဧပြီလ ၂၈ရက်မှ ၃၀ရက်အတွင်းတွင် UNHCR ၊ WFP၊ LWF နှင့်UNOCHA စသည့် အဖွဲ့အစည်းများသည် လိုအပ်ချက်များကို စစ်တမ်းကောက်ယူသိရှိနိုင်ရန်နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန်အတွက် ကျောက်တော်မြို့သို့ သွားရောက်ခဲ့ကြသည်။ ဧပြီလ ၃၀ ရက်နေ့အထိ လူပေါင်း ၁၄၀ ခန့်၊ အဓိကအားဖြင့် အမျိုးသမီးများနှင့် ကလေးများ မှာ စပါးဆိပ်ကျေးရွာရှိ စာသင်ကျောင်းတွင် နေထိုင်လျက်ရှိပြီး၊ အချို့မှာ ၎င်းတို့၏ မူလနေရပ်များသို့ ပြန်သွားခဲ့ကြသည်။ သွားရောက်ခဲ့သည့် အဖွဲ့အစည်းများအနေဖြင့် မိသားစုအသုံးအဆောင်များ၊ မိုးကာဖျင်များ၊ စောင်များနှင့် ကျောင်းသုံးစာအုပ်များကို ပံ့ပိုးပေးအပ်ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ထပ်မံလိုအပ်မှုမတွေ့ရှိရပဲ၊ ကျန်ရှိနေသေးသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှာလည်း ၎င်းတို့၏ ရပ်ရွာများသို့ ပြန်သွားပြီဖြစ်ကြောင်းသိရသည်။

## သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း

### ဖြစ်နိုင်ခြေရှိသည့် သဘာဝဘေးအန္တရာယ်များအတွက် စနစ်တကျပြင်ဆင်နိုင်ရန် အရေးပေါ် စီမံချက်များ ရေးဆွဲသည့် အလုပ်ရုံဆွေးနွေးပွဲများ

*ဖြစ်နိုင်ခြေရှိသည့် မြေငလျင် နှင့်ဆိုင်ကလုန်းမုန်တိုင်း အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှု အလုပ်ရုံ ဆွေးနွေးပွဲများ*

မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ် စီမံချက် ရေးဆွဲခြင်းလုပ်ငန်းများမှာ ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိ ရပ်ရွာ လူထုများအတွက် မရှိမဖြစ် လိုအပ်သည့် လုပ်ငန်းများဖြစ်သည်။ ၂၀၁၄ ခုနှစ် တွင် လူပေါင်း ၆၀,၀၀၀ ခန့်မှာ ရေကြီးခြင်းအန္တရာယ်နှင့် ဇွန်လမှအောက်တိုဘာလအထိ မုတ်သုန်ရာသီ အတွင်းတွင် မိုးလေဝသအခြေအနေများနှင့် စပ်လျဉ်းသည့် အဖြစ်အပျက်များကြောင့် ထိခိုက် ခံစားခဲ့ရသည်။

လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ ပံ့ပိုးမှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဌာနသည် ဖြစ်နိုင်ခြေရှိသည့် သဘာဝ ဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အရေး ပေါ်စီမံချက် ရေးဆွဲသည့် အလုပ်ရုံ ဆွေးနွေးပွဲနှစ်ခုကို မန္တလေးနှင့် ပုသိမ်မြို့များတွင် ဖေဖော် ဝါရီလအတွင်း၌ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသတွင်းရှိ အစိုးရ ဝန်ထမ်းများနှင့် ၎င်းဒေသတွင် လုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရမဟုတ်သည့် အရပ်ဖက် အဖွဲ့ အစည်း များ ပါဝင်ခဲ့ပြီး၊ ဒေသတွင်းတွင် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေး အန္တရာယ်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများမှတစ်ဆင့် မြေငလျင်ဒဏ်ကြောင့် အများဆုံးထိခိုက်နိုင်သည့် နေရာဒေသများ၊ ထိခိုက်မှုခံရနိုင်သည့် ဖြစ်နိုင်ခြေရှိသော လူဦးရေ၊ လက်ရှိတုန့်ပြန်ဆောင်ရွက်နိုင်မှု အတိုင်းအတာ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိက အဟန့်အတားများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ခဲ့သည်။ ပုသိမ်မြို့တွင် ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဒေသတွင်းရှိ မြို့နယ် ၉ မြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများကို အလေးထား ဆွေးနွေးခဲ့ပြီး၊ ထိုပမာဏအတိုင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက တုန့်ပြန် ဆောင်ရွက်နိုင်ရန် လိုအပ် သည့် အရင်းအမြစ်များကို ဖော်ထုတ်နိုင်ခဲ့သည်။

### ရခိုင်ပြည်နယ်တွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အားကောင်းစေရေး ဆောင်ရွက်

အချက်အလက် မှတ်တမ်းများ အရ ရခိုင်ပြည်နယ်သည် နှစ်စဉ် ဆိုင်ကလုန်း မုန်တိုင်းများ ကျ ရောက်နိုင်မှု မြင့်မား သည့် အခြေအနေ ရှိသည်။ ၂၀၁၃ ခုနှစ် မေလတွင်၊ ဆိုင်ကလုန်း မဟာဆန် ကျရောက်နိုင်သည့် အခြေအနေကြောင့် လူပေါင်း ၁၂၀,၀၀၀ခန့်ကို ဘေးလွတ် ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။



သည်းထန်စွာ ရွာနေသောမိုးမှ အကာအကွယ်ရရန် ရခိုင်ပြည်နယ်ရှိ နေထိုင်ရာနေရာတစ်ခု၏ အမိုးအောက်တွင် မိုးခိုနေကြသော မိသားစုများ။ မေ ၂၀၁၃။ ဓာတ်ပုံ OCHA

အန္တရယ်ကျရောက်နိုင်မှု လျှော့ပါး စေရေးအတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များရှိ လူပေါင်း ၄၇၅,၀၀၀ တို့ ထိခိုက် ခံရနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း အရေးပေါ်စီမံချက်ကို ၂၀၁၄ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ ထိုအစီ အစဉ်ကို လာမည့် ဆိုင်ကလုန်း နှင့် မုတ်သုန်ရာသီ မတိုင်မီတွင် ပြန်လည် ပြင်ဆင်မွမ်းမံထားပြီးဖြစ်သည်။

**ဘေးအန္တရာယ်ကြုံတွေ့ရသည့် လူထုအတွက် မှန်ကန်သော သတင်းအချက်အလက်များ အချိန်မီ ရရှိနိုင်စေရေးဆောင်ရွက်**

ဘေးအန္တရယ်များ ကျရောက်ပြီးသည်နှင့် တပြိုင်နက်၊ ရပ်ရွာလူထုအနေဖြင့် အကူအညီများ ရောက်မလာမီတွင် ၎င်းတို့ကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ကြရသည်။ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးနှင့် BBC Media Action တို့သည် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီပေးရေးနှင့် စပ်လျဉ်းသည့် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြန်မာ့ ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဌာနတို့နှင့် ပူးပေါင်း၍ လူထုအတွက် အသုံးအဝင်ဆုံး သတင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် ဆောင်ရွက်ခဲ့သည်။ လူထုကို ပေးမည့် သတင်းအချက်အလက်များ မှာ မိမိကိုယ်တိုင် အန္တရယ်ကင်းစေရေးနှင့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကို လျှော့ချနိုင်မည့် နည်းလမ်းများ၊ ဥပမာအားဖြင့် သောက်သုံးရန် သန့်ရှင်းသော ရေရရှိအောင် မည်သို့ ဆောင်ရွက်နိုင်သည်၊ သွေးထွက်နေပါက မည်သို့ ဆောင်ရွက်ရမည်၊ မိသားစုနှင့် ကွဲကွာနေသော ကလေးငယ်များကို တွေ့ရှိပါက မည်သို့ ဆောင်ရွက်ရမည် စသည်တို့ ဖြစ်သည်။ ဘေးအန္တရာယ် ကျရောက်သည့်အချိန်တွင်၊ အဆိုပါ သတင်းအချက်အလက်များကို ဖြစ်ပေါ်နေသည့် အခြေအနေ၊ သင့်လျော်မှုရှိသော ဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့် လိုက်လျောညီထွေစေရန် ပြင်ဆင်ခြင်း၊ ဦးစားပေးအဆင့် သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထပ်မံ သိရှိလိုပါက
အောက်ပါတို့ကို ဆက်သွယ်ပါ။

အီဗာ မော့ဒ်ဗစ်
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

ဖျဲ ပယ်ရွန်
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

OCHA လူသားချင်းစာနာမှု
သတင်းလွှာကို
www.reliefweb.int တွင်
ရယူနိုင်သည်။

United Nations
OCHA Facebook
www.facebook.com/
OCHAMyanmar